# (၂၀)ကြိမ်မြောက် ဂျီအမ်အက်စ် ဝန်ကြီးများအဆင့်အစည်းအဝေး
# (20th GMS Ministerial Conference)

| | |
|---|---|
| **ကျင်းပသည့်ရက်စွဲ** | - ၂၀၁၅ ခုနှစ်၊ စက်တင်ဘာလ ၉ ရက်မှ ၁၀ ရက်ထိ |
| **ရည်ရွယ်ချက်** | - ဂျီအမ်အက်စ် ဒေသတွင်း ရင်းနှီးမြှုပ်နှံမှုမူဘောင် အကောင်အထည်ဖော်မှုအစီအစဉ်ပါ လုပ်ငန်းတိုးတက်မှုအခြေအနေ ပြန်လည်သုံးသပ်ရန်၊ ဂျီအမ်အက်စ်ဒေသ ပူးပေါင်းဆောင်ရွက်မှုကဏ္ဍများနှင့်စပ်လျဉ်း၍ သဘောတူညီချက်များ၊ ရလဒ်များကို ပြန်လည် သုံးသပ်ခြင်း၊ မှတ်တမ်းတင်ခြင်းနှင့် အတည်ပြုခြင်းတို့ဆောင်ရွက်ရန်နှင့် ဒေသဆိုင်ရာနှင့် ကမ္ဘာလုံးဆိုင်ရာ ရည်မှန်းချက်ပန်းတိုင်များ ရရှိအောင် ဆောင်ရွက်ရာတွင် ဂျီအမ်အက်စ် ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းစဉ်များ၌ ကြုံတွေ့ရသည့် စိန်ခေါ်မှုများ၊ အခက်အခဲများနှင့် အခွင့်အလမ်းများကို ဆွေးနွေးရန် |
| **ကျင်းပသည့် နေရာ** | - Kempinski Hotel ၊ နေပြည်တော် |
| **တက်ရောက်သည့်ဌာန/အဖွဲ့အစည်း** | - နိုင်ငံတော်ဒုတိယသမ္မတဦးဉာဏ်ထွန်း၊အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့်ဒုတိယဝန်ကြီး၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ဘဏ္ဍာရေးဝန်ကြီးဌာနဒုတိယဝန်ကြီး၊ဂျီအမ်အက်စ်အဖွဲ့ဝင်နိုင်ငံများဖြစ်သည့် ကမ္ဘောဒီးယား၊ လာအို၊ ဗီယက်နမ်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ထိုင်းနိုင်ငံတို့မှ ဂျီအမ်အက်စ်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ ဦးဆောင်သည့် ကိုယ်စားလှယ်များ၊ အာရှဖွံ့ဖြိုးရေးဘဏ်၊ ဖွံ့ဖြိုးမှုမိတ်ဖက်များ၊ ပုဂ္ဂလိကကဏ္ဍမှ ကိုယ်စားလှယ်များ၊ ဝန်ကြီးဌာနများမှ ဘာသာရပ်ဆိုင်ရာ ကိုယ်စားလှယ်များ |
| **တက်ရောက်သည့် ဦးရေ** | - (၁၅၀) ဦးခန့် |

**ဆွေးနွေးသည့် အကြောင်းအရာ** - ဒေသတွင်း ရင်းနှီးမြှုပ်နှံမှုမူဘောင် အကောင်အထည်ဖော်မှု အစီအစဉ် (၂၀၁၄-၂၀၁၈) ဖြစ်ပေါ်တိုးတက်မှုအစီရင်ခံစာ၊ မဲခေါင်ဒေသခွဲမြို့ပြဖွံ့ဖြိုးရေး မဟာဗျူဟာမူဘောင် (၂၀၁၅-၂၀၂၂)၊ GMS Project Datebase၊ မဲခေါင်ဒေသခွဲ သယ်ယူ ပို့ဆောင်ရေးနှင့်ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေး လုပ်ငန်းစဉ်၊ မဲခေါင်ဒေသခွဲခရီးသွားလုပ်ငန်း ဈေးကွက်ရှာဖွေရေး မဟာဗျူဟာနှင့် လုပ်ငန်းအစီအစဉ် (၂၀၁၅-၂၀၂၀)၊ ဂျီအမ်အက်စ်နယ်စပ်ဖြတ်ကျော် E-commerce ပူးပေါင်း ဆောင်ရွက်မှု စကြိုမူဘောင်

**ဆွေးနွေးမှုရလဒ်** - ဒေသတွင်း ရင်းနှီးမြှုပ်နှံမှုမူဘောင် အကောင်အထည်ဖော်မှု အစီအစဉ် (၂၀၁၄-၂၀၁၈) ဖြစ်ပေါ်တိုးတက်မှုအစီရင်ခံစာ၊ GMS Project Datebase ၊ မဲခေါင်ဒေသခွဲ သယ်ယူ ပို့ဆောင်ရေးနှင့်ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေးလုပ်ငန်း စဉ်၊ မဲခေါင်ဒေသခွဲခရီးသွားလုပ်ငန်း ဈေးကွက်ရှာဖွေရေး မဟာဗျူဟာနှင့် လုပ်ငန်းအစီအစဉ် (၂၀၁၅-၂၀၂၀)၊ ဂျီအမ်အက်စ်နယ်စပ်ဖြတ်ကျော် E-commerce ပူးပေါင်း ဆောင်ရွက်မှု စကြိုမူဘောင်တို့ကို မှတ်တမ်းတင်ခဲ့ပြီး၊ မဲခေါင်ဒေသခွဲမြို့ပြဖွံ့ဖြိုးရေးမဟာဗျူဟာမူဘောင်(၂၀၁၅-၂၀၂၂)အား တရားဝင် အတည်ပြုချမှတ်ခဲ့ပါသည်။